

# ကြေကွဲ ကွဲကြေ

*ဉာဏ်ဦးမောင်*

ဇန်နဝါရီ ၂၂၊ ၂၀၀၈

ပြည်သူချစ်တဲ့ ကဗျာဆရာကြီး ဦးတင်မိုး ကွယ်လွန်ခဲ့တာ တစ်နှစ်ပြည့်ခဲ့ပြီ။ ကြေလွင့်သွားကြတဲ့ ချစ်ခင်သူတွေနဲ့ ဆက်စပ်တိုင်း မိုးမိုး(အင်းလျား) ကွယ်လွန်စဉ်က ဝမ်းနည်းအမှတ်တရ ရေးထိုးခဲ့တဲ့ ဆရာကြီးတင်မိုးရဲ့ စကားလေး ကို သတိရမိတယ်။ **"ချစ်သူတို့သက်တမ်း တိုလှ၏၊ မုန်းသူတို့သက်တမ်း ရှည်လှ၏။ ကြေကွဲ၍ မဆုံးပါ "**ဆိုတဲ့ ဆရာကြီးရဲ့ စကားလေးဟာ တိုပေမယ့် လေးနက်တဲ့ အဓိပ္ပါယ်တွေနဲ့ ပြည့်နေတာကို မြန်မာတိုင်း သိကြပါတယ်။

ရိုးရှင်းတဲ့ စကားအောက်မှာ ဆန်းသစ်တဲ့ အတွေးစတွေနဲ့ ယှက်နွယ်ပေါင်းစပ်ထားတဲ့ ဒီစကားလေးအောက်မှာ လူသားတို့ရဲ့ ဘဝ၊ အထူးသဖြင့် အမိမြန်မာပြည်သူပြည်သားများရဲ့ ခါးသီးလှတဲ့ ဘဝတွေလည်း ထင်ဟပ်လို့နေတာကို မှန်းဆမိမှာပါ။ "အသက်ရာကျော် ရှည်ပါစေ" လို့ ဆုချွေတတ်တာ မြန်မာတို့ရဲ့ ဓလေ့ပါ။

မြန်မာ့ဓလေ့ကို မြတ်နိုးခုံမင်တတ်လွန်းတဲ့ ဆရာ့နှလုံးသားက သက်တမ်းရှည်နေသူတွေကြောင့် ကြေကွဲမဆုံးဖြစ်ရပါတယ်လို့ဆိုလိုက်ခြင်းဟာ အကြောင်းမဲ့တော့ လုံးဝဖြစ်နိုင်မယ် မဟုတ်ပါဘူး။ ထူးခြားတဲ့ နောက်ခံအကြောင်းတွေ ရှိနေလို့ပဲ ဖြစ်မှာပါ။

ချစ်ခင်သူတွေနဲ့ ခွဲပြီး မနေချင်ကြတာ၊ မုန်းသူတွေနဲ့ တွဲပြီး မနေချင်ကြတာဟာ လူ့သဘာဝလို့ ပြောရမှာပါ။ ချစ်ခင်သူတွေနဲ့ ရှင်လျက်ပဲဖြစ်ဖြစ်၊ သေလို့ပဲဖြစ်ဖြစ် ခွဲခွါပြီး မနေလိုတတ်တာကလည်း လူ့သဘာဝပါ။ မုန်းသူတွေနဲ့လည်း နီးနီးနားနားမှာပဲဖြစ်ဖြစ်၊ ဝေးဝေးမှာပဲဖြစ်ဖြစ် ဆက်စပ်ပြီး မနေလိုကြပါဘူး။ ဆရာကြီးပြောတဲ့ မုန်းသူတို့သက်တမ်း ရှည်လှ၏ဆိုတာ တစ်ကိုယ်ရေ အမုန်းကြောင့် ခုလိုရေးခဲ့တာတော့ မဖြစ်နိုင်ပါဘူး။ ဆရာကြီးက အားလုံးအပေါ်မှာ မျှဝေမေတ္တာစိတ် ထားနိုင်လွန်းသူပါ။

သို့ပေမယ့် ဆရာကြီးတွေမြင်နေရတဲ့ ကိုယ့်လူမျိုးတွေရဲ့ ဒုက္ခသုက္ခပေါင်းစုံကြောင့် နူးညံ့လှတဲ့ ဆရာကြီးရဲ့ ကဗျာ့နှလုံးသားမှာ အမုန်းဒဏ် အခတ်ခံခဲ့ရလို့သာ အသက်ရှည်သူတွေကြောင့် ဆရာကြီး ခမျာ ကြေကွဲမဆုံး ဖြစ်ခဲ့တာ ဖြစ်မှာပါပဲ။ ဟုတ်ပါရဲ့ ဆရာရယ်။ ကျနော်တို့လည်းပဲ ဒီအတွက် ခုတိုင် ကြေကွဲမဆုံး ဖြစ်နေရဆဲပါ။

မေတ္တာစိတ်ထားနိုင်လွန်းသူတို့ရဲ့ မွန်မြတ်တဲ့ နှလုံးသားတွေကို နာကျည်းမှု၊ ခံပြင်းမှုနဲ့ အမုန်းဒဏ်ရာသင့်အောင် ဖန်တီးတတ်သူတွေဟာ သာမန်ပြည်သူတွေ မဟုတ်တတ်ကြပါဘူး။ အထူးသဖြင့် သူတို့တွေဟာ ပြည်သူတွေရဲ့ အမုန်းဒဏ်သင့်နေတဲ့ အုပ်ချုပ်သူ လူတန်းစားတွေသာ ဖြစ်နေတတ်ပါတယ်။

ဒါကလည်း အဆန်းတော့ မဟုတ်ပါဘူး။ အနုပညာရှင်စစ်စစ်ဆိုတာ ပြည်သူ့ကြားမှာ ပေါက်ဖွား၊ ပြည်သူကြားမှာသာ ကျင်လည်ကျက်စားပြီး ပြည်သူတွေရဲ့ ဘဝကို နားလည်ခံစားနိုင်သူမျိုးကို ဆိုလိုတာ မဟုတ်လား။ ဒါကြောင့် ပြည်သူကိုဒဏ်သင့်အောင် ပြုမူတတ်သူတွေကို ဘယ်မှာလာလို့ မေတ္တာထားနိုင်ပါ့မလဲ။ ဒါက သာမန်လူသားတစ်ဦးရဲ့ ပကတိအမှန်တရားပါ။

သို့ပေမယ့် ကံဆိုးလှစွာပဲ ပြည်သူတွေရဲ့ ခံစားမှုကို မျက်ကွယ်ပြုပြီး အာဏာရှိသူ၊ ဥစ္စာရှိသူ လူတစ်စုလောက်ကိုသာ အလုပ်အကျွေးပြု သူတွေကိုလည်း ကျနော်တို့မှာ ရနေတတ်ပါသေးတယ်။ သူတို့တွေကတော့ ကိုယ့်အတတ်ပညာနဲ့ ကိုယ့်ကိုယ်ကို ပြန်ပြီး ကျွန်ပြုနေသူတွေလို့သာ ဆိုရမှာပါ။

ကျွန်ထဲတောင်မှပဲ မရှိမတတ်လို့ ကျွန်ဖြစ်နေသူတွေထက် သိလျက် တတ်လျက် ကျွန်ဖြစ်နေရတာကြောင့် တတ်သိကျွန်ဖြစ်တဲ့ သူတို့အဖြစ်က ပိုမိုဆိုးရွားပါတယ်။ ဒီအတွက်လည်း ကြေကွဲမဆုံး ဖြစ်မိပါတယ်ဆရာ။

ဆရာကြီးကတော့ အနုပညာကို မြတ်နိုးသလို အနုပညာကို လေးစားမြတ်နိုးတဲ့ သူ့ပြည်သူတွေအပေါ်မှာလည်း တာဝန်ကျေပွန်သွားတဲ့ အနုပညာရှင် စစ်စစ်တစ်ယောက်ပါ။ မြန်မာပြည်ကို ပြန်ချင်လွန်းတဲ့ဆရာကြီးက မဲဆောက်ဆိုတဲ့ တံခါးပေါက်ကနေ အမိမြန်မာပြည်ကို အနီးကပ် ချောင်းချောင်းကြည့်တတ်တယ်-တဲ့။

ဆရာကြီးကွယ်လွန်ခဲ့တဲ့ နှစ်လည်အကြိုမှာမှ တိုက်တိုက်ဆိုင်ဆိုင် ကျနော်က မဲဆောက်ကို ရောက်နေခဲ့တယ်။ မဲဆောက်မှာ ဆရာကြီး တည်းခိုနေထိုင်တတ်တဲ့ အိမ်ကိုလည်း ရောက်ခဲ့တယ်။ ဆေးလိပ်တတိုနဲ့ စာချိုချိုတွေ ရေးတတ်ခဲ့တဲ့ ဆရာကြီးထိုင်နေကြ ခုံတန်းလေးကိုလည်း အမှတ်တရ ဗီဒီယို၊ ကင်မရာနဲ့ မှတ်တမ်း ဗီဒီယိုဓာတ်ပုံ ရိုက်ဖြစ်ခဲ့တယ်။

ဆရာကြီးထိုင်ရာဘေးမှာ ဆရာကြီးရဲ့ ပြုံးနေတဲ့ ဓာတ်ပုံလေးကို ချိတ်ဆွဲထားလို့၊ ရောက်လာတတ်တဲ့သူတွေက ဆရာကြီးရဲ့ဓာတ်ပုံကို တောင်းတတ်လွန်းလို့ မလောက်ငနိုင်တာကြောင့် ဆရာကြီး ဓာတ်ပုံကို ဖြုတ်သိမ်းထားရတယ်တဲ့။ ကဗျာဆရာ မောင်လွမ်းဏီက ပြောပြပါတယ်။

ချစ်ခင်ခံရသူမို့ မြတ်နိုးစွာ တောင်းယူသိမ်းဆည်းချင်ကြတာပါ။ လူကိုယ်တိုင် မမြင် မတွေ့ရသည့်တိုင် သက်မဲ့ဓာတ်ပုံလေးကို သိမ်းဆည်းလိုတဲ့ သဘောပေါ့။ ဟုတ်တာပေါ့။ ဆရာကြီးက သက်တမ်းတိုသူထဲမှာ ပါဝင်နေတာကိုး။ ဒါကြောင့် ဆရာကြီးကို ချစ်ခင်သူတွေအဖို့ ကြေကွဲကြရ၊ တမ်းတကြရတာပေါ့။ ခုတိုင်လည်း ကြေကွဲမဆုံး ဖြစ်နေရတာပေါ့ဆရာ။

တကယ်တော့ ချစ်သူတွေနဲ့ ခွဲရလို့ ကြေကွဲခြင်းလည်း မကောင်းသလို မုန်းသူတွေနဲ့ တွဲနေရလို့ ကြေကွဲရတာလည်း မကောင်းပါဘူး။ ဒီထက်ပိုလို့ ချစ်သူတွေနဲ့လည်း ကွဲ၊ မချစ်သူတွေနဲ့လည်း တွဲနေရလို့ ဘဝတွေ ကွဲကြေနေကြရတာကတော့ အဆိုးတကာ့ အဆုံးဆုံးလို့ ဆိုရမှာပေါ့ဆရာ။

ကျနော်တို့ဘဝတွေ တစစီ ကွဲကြေနေကြရတာကို ကြည့်ပြီး ဆရာလည်း ကြေကွဲလို့နေလိမ့်မယ်ဆိုတာ ယုံကြည်မိပါတယ် ဆရာ။ ။